ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ

စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project

# (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၇ - ၂၀၁၈)

## Village Development Plan (VDP)

ဝမ်ကန် ကျေးရွာ၊ မယ်စဲ့ ကျေးရွာအုပ်စု၊ မယ်စဲ့ မြို့နယ်

## မာတိကာ


၁။ မယ်စဲ့ မြို့နယ်မြေပုံ

၂။ ဝမ်ကန် ကျေးရွာမြေပုံ

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း ဓါတ်ပုံများ

၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)


၁၀။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (ပုံစံ-၃)

၁၁။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)


၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

# ၁။ မယ်စဲ့ မြို့နယ်မြေပုံ



မယ်စဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ကျေးလက်ရေပေးရေးအခြေပြမြေပုံ
ရည်ညွှန်းချက်
စိမ့်စမ်း ( ၁၂ ) ခု
အခြား ( ၃ ) ခု
ကျေးရွာချင်းဆက်လမ်းများ
မြို့နယ်နမိတ်
5 0 5 10 15 20 km

## ၂။ ဝမ်ကန် ကျေးရွာမြေပုံ




## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စု အရေအတွက် | လူဦးရေစာရင်း | | |
|---|---|---|---|---|---|
| | | | က | မ | ပေါင်း |
| ၁ | ဟိုစဲ့ | ၃၂၇ | ၇၂၂ | ၇၄၆ | ၁၄၆၈ |
| ၂ | ပန်တိန်း | ၂၅၆ | ၆၀၆ | ၅၉၂ | ၁၁၉၈ |
| ၃ | ဝမ်ကန် | ၈၂ | ၂၀၄ | ၁၉၂ | ၃၉၆ |
| | စုစုပေါင်း | ၆၆၅ | ၁၅၃၂ | ၁၅၃၀ | ၃၀၆၂ |

## ၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)


ကယားပြည်နယ် ၊ မယ်စဲ့မြို့နယ် ၊ ဟိုစဲ့ကျေးရွာအုပ်စု ၊ ဝမ်ကန်ကျေးရွာသည် မယ်စဲ့မြို့မှ ဘီဘီ(၁၃)သို့ သွားသောလမ်းမဘေးတွင် တည်ရှိပါသည်။ မယ်စဲ့မြို့ အရှေ့ဘက် (၅)မိုင်ခန့်တွင် တည်ရှိသည်။ ကျေးရွာ၏အမည်ကို ရှမ်းဘာသာဖြင့် ခေါ်တွင်ထားခြင်းဖြစ်ပြီး အလယ်ရွာ ဟု အဓိပ္ပါယ်ရသည်။ ရှေးယခင်က စည်ကားသောမြို့နှစ်မြို့ဖြစ်သည့် မယ်စဲ့နှင့် နမ့်မန်းကြားအလယ်တွင် ရှိသောကြောင့် အလယ်ရွာ(ဝမ်ကန်) ဟု ခေါ်တွင်ခြင်းဖြစ်သည်။ ယင်းကျေးရွာသည် ဒုတိယကမ္ဘာစစ်မတိုင်ခင်အချိန်ကတည်းက တည်ရှိနေသည်ကို တန်ခိုးကြီးသော တောင်ထိပ်မှ ဘုရားစေတီကဇ္ဇည်းကိုကြည့်လျှင် သိနိုင်သော အထောက်အထားများ ရှိသည်။ ၁၉၇၀ မှ ၁၉၉၂ခုနှစ် ကျော်သည်အထိ တိုင်းပြည်မငြိမ်သက်မှုကြောင့် စစ်မတ်ဖြစ်ပွားသည့်ဒဏ်ကို မကြာခဏ ခံစားကြရသည်။ အိမ်ခြေ (၈၂)အိမ်နှင့် အိမ်ထောင်စု(၈၂)စုရှိပြီး အမျိုးသားအိမ်ထောင်ဦးစီး (၆၉) ဦးနှင့် အမျိုးသမီး အိမ်ထောင်ဦးစီး (၁၃)ဦးရှိပါသည်။ ကရင်လူမျိုး၊ ရှမ်းလူမျိုးနှင့် လူမျိုးရောများ စုပေါင်းနေထိုင်ကြသည်။ ကရင်လူမျိုး အိမ်ထောင်စု(၂၉)စု၊ ရှမ်းလူမျိုး(၅၀)စုနှင့် လူမျိုးရော အိမ်ထောင်စု(၃)စုရှိပြီး ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာတို့ကို အသီးသီး သက်ဝင်ယုံကြည် ကိုးကွယ်ကြသည်။ အဓိက အသက်မွေးဝမ်းကြောင်းအဖြစ် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။ နှမ်း၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဟင်းသီးဟင်းရွက်ပင်များကို စိုက်ပျိုးကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်း အရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | က | မ | ပေါင်း | |
| ၁ | လူမှုရေး အရင်း အမြစ်ပြမြေပုံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | ကျေးရွာအတွင်းရှိ အိမ်ခြေ များ၊ လက်ရှိ သဘာဝအရင်းအမြစ်များ အား အသုံးချမှု အခြေအနေများ နှင့် သဘာဝဘေး အန္တရာယ်များအား ဖော်ထုတ်ခြင်း။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှု အဆင့် သတ်မှတ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ပိုင်ဆိုင်မှု စံနှုန်းများသတ်မှတ်ကာ စံနှုန်း အပေါ်အခြေခံပြီး လူနေမှု အဆင့်အတန်း များသတ်မှတ်ခြင်း။ |
| ၃ | ကျား-မရေးရာ ကဏ္ဍ # ၁ ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | ကျေးရွာနယ်နမိတ်အတွင်းရှိ သဘာဝ အရင်းအမြစ်များအပေါ် အမျိုးသမီးများ နှင့်အမျိုးသားများ၏ သုံးစွဲမှုနှင့် ထိန်းချုပ် မှုများအား ဖော်ထုတ်ခြင်း |
| ၄ | ကျား-မ ရေးရာ ကဏ္ဍ # ၂ (ပင့်ကူအိမ်) | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | အမျိုးသား၊ အမျိုးသမီးများ၏ ရရှိသော အခွင့်အရေးများအား နှိုင်းယှဉ်ပြီး မှတ်တမ်းတင်ခြင်း။ |
| ၅ | ရာသီခွင်ပြ ပြက္ခဒိန် | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | ကျေးရွာအတွင်းရှိ မိသားစုများ၏ ရာသီ အလိုက် ဆောင်ရွက်သော လုပ်ငန်းများ၊ ပွဲလန်းသဘင်များ၊ ရိုးရာဓလေ့များ၊ နှင့် အားလပ်မည့် ရာသီများအား ဖော်ထုတ် ခြင်း။ |
| ၆ | အဖွဲ့အစည်းများ ချိတ်ဆက်မှုပြ ဗင်းပုံစံ | ၃၁.၁.၁၇ | အမျိုးသမီး၊ အမျိုးသား၊ စေတနာ့ ဝန်ထမ်း | ၂၂ | ၂၉ | ၅၁ | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်း များ၏ ချိတ်ဆက်မှု၊ ပူးပေါင်းဆောင် ရွက်မှုများ နှင့် အကျိုးဆက်များအား ဖော်ထုတ်ခြင်း။ |


## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက် သုံးသပ်ချက်များ

### (က) လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ





ဝမ်ကန်ကျေးရွာတွင် အိမ်ခြေ (၈၂) အိမ်ရှိပြီး အိမ်ထောင်စု (၈၂) စု နေထိုင်ကြပါသည်။ အမျိုးသား အိမ်ထောင်ဦးစီး (၆၉) ဦး နှင့် အမျိုးသမီးအိမ်ထောင်ဦးစီး(၁၃)ဦးရှိပါသည်။ ကရင်၊ ရှမ်းနှင့် လူမျိုးရောများစုပေါင်း နေထိုင်ကြပါသည်။ ကရင်လူမျိုးများသည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြပြီး၊ ရှမ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကိုးကွယ်ကြပါသည်။ စိုက်ပျိုးရေးကိုအဓိကလုပ်ကိုင်ကြပြီး နှမ်း၊ စပါး၊ ကြက်သွန်ဖြူတို့ကို စိုက်ပျိုးကြသည်။ ဝမ်ကန်ကျေးရွာ၏ အဓိက အသက်မွေးဝမ်းကြောင်းကို လယ်၊ တောင်ယာနှင့် ကျပန်းအလုပ်တို့ဖြင် လုပ်ကိုင်ရှာဖွေ စားသောက်ကြပါသည်။ တပိုင်တနိုင်မွေးမြူရေးအဖြစ် ကြက်၊ ဝက်၊ ကျွဲ၊ နွားတို့ကို မွေးမြူကြပါသည်။ တောင်ယာတွင် နှမ်း၊ ရှောက်၊ ပဲပုတ်တို့ကို စိုက်ပျိုးကြပြီး လယ်ယာတွင် မိုးအခါ၌ စပါး၊ ကြက်သွန်ဖြူ၊ ပဲပုတ်တို့ကို စိုက်ပျိုးကြပြီး နွေအခါတွင် အချို့ရေရရှိသောနေရာများတွင် ရေသွင်းစိုက်ပျိုးကြသည်။ အရင်းမြစ်များဖြစ်သော ရေ၊ မြေ၊ ချောင်းသဲ၊ သစ်ပင်၊ ဝါးတို့ကို ရရှိနိုင်ပါသည်။ ရှမ်း၊ ကရင်လူမျိုးစု အများဆုံးနေထိုင်ပြီး ကယန်း၊ ကယား၊ ဗမာ၊ ကချင်၊ မနော၊ လူမျိုးရောအနည်းငယ်တို့လည်း နေထိုင်ကြသည်။ လူမျိုး၊ ဘာသာမခွဲခြားဘဲ နေထိုင်ကြပါသည်။ ပြင်ပသို့ ပြောင်းရွှေနေထိုင်သူ မရှိကြပါ။ ဘုန်းကြီးကျောင်း တစ်ကျောင်း၊ (RC) ဘုရားရှိခိုးကျောင်းတစ်ကျောင်း နှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်းရှိပါသည်။ ပျဉ်ထောင်အိမ်၊ ဝါးအိမ်၊ တိုက်အိမ် များဖြင့် ဆောက်လုပ် နေထိုင်ကြပါသည်။စိုက်ပျိုးရေးရုံး နှင့်ဖေညီနောင် ကုမ္ပဏီတို့ လည်းတည်ရှိပါသည်။

## (ခ) ဉစ္စာဓနကြွယ်ဝမှု အဆင့်သုံးသပ်ခြင်း




ဝမ်ကန်ကျေးရွာတွင် ဉစ္စာဓနေ ကြွယ်ဝမှုပြဇယားအရ ချမ်းသာအုပ်စု၊ အလယ်အလတ်အုပ်စုနှင့် ဆင်းရဲအုပ်စု သုံးမျိုးရှိပါသည်။ ချမ်းသာအုပ်စုတွင် အိမ်ထောင်စု(၇) အိမ်ရှိပြီး ကား၊ တိုက်အိမ်၊ ဆိုင်ကယ်၊ ထော်လာဂျီ၊ ကျွဲ၊ နွား၊ လယ်ထွန်စက်များကို ပိုင်ဆိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေးကို လုပ်ကိုင်ကြသည်။ အိမ်ထောင်စု(၄၇)အိမ် ရှိသော အလယ်အလတ်အုပ်စုအားဖြင့် ပျဉ်ထောင်အိမ်၊ ဝါးထရံကာအိမ်၊ ဆိုင်ကယ်၊ တောင်ယာ၊လယ်အနည်းငယ်၊ ကျွဲ၊ နွား၊ ကြက်၊ ဝက် နှင့်အချို့သော အိမ်မှာ ဆန်စက်တို့ကို ပိုင်ဆိုင်ကြပါသည်။ စားဝတ်နေရေး နှင့် ကလေးများအား ပညာသင်ကြားရာထောက်ပံ့မှု လုံလောက်ကြသည်။ ဆင်းရဲအုပ်စုတွင် အိမ်ခြေ (၃၀)အိမ် ရှိပါသည်။ တောင်ယာစိုက်ပျိုးခြင်းလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်း ပြုကြပါသည်။ ဝါးထရံကာ ၊ ဖက်မိုးအိမ် တို့ဖြင့် ဆောက်လုပ်နေထိုင်ကြပါသည်။ ကြက်၊ ဝက် တို့ကို အိမ်တွင် မွေးမြူကြသည်။ စားဝတ်နေရေး အဆင်ပြေစေရန်ကြိုးရာ ကျပန်းလုပ်ကိုင်ပြီးလည်း ဖြေရှင်းကြရသည်။

(ဂ) ကျား-မရေးရာ ကဏ္ဍ # ၁ (ပိုင်ဆိုင်မှု သုံးသပ်ခြင်း)





ပိုင်ဆိုင်မှုသုံးသပ်ချက်အရ အမျိုးသားများထိန်းချုပ်သော အရင်းအမြစ်များမှာ ကျောက်၊ သဲ၊ ရေ၊ မီး၊ ဘုန်းကြီးကျောင်း၊ လမ်း တို့ဖြစ်ကြသည်။ အမျိုးသမီးများ ထိန်းချုပ်မှုမှာ အပ်ချုပ်စက် ဖြစ်ပြီး အမျိုးသမီး၊ အမျိုးသားများ ထိန်းချုပ်သော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ တောင်ယာ၊ လယ် တို့ဖြစ်ကြသည်။

## (ဃ) ကျား-မအခန်းကဏ္ဍ # ၂ (ပင့်ကူအိမ်ပုံစံ)



ဝမ်ကန်ကျေးရွာတွင် ပင့်ကူအိမ်သုံးသပ်ချက်အရ အလုပ်ကိုင် အခွင့်အလမ်းတွင် တန်းတူညီမျှမှု ရှိသည်။ ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက အားသာသည်။ ပညာသင်ကြားရန် စရိတ် အခက်အခဲကြုံလာပါက အမျိုးသားများသည် ဝင်ငွေရရှိသော ပြင်ပအလုပ်ကိုသာ ဦးစားပေး လုပ်ကိုင်ကြရသည်။ ကျန်းမာရေး အသိပညာရရှိမှုတွင်လည်း အမျိုးသမီးများက ပို၍အားသာမှု ရှိပါသည်။ ဝင်ငွေရရှိမှုနှင့် အိမ်မှုကိစ္စရပ်များတွင် အမျိုးသားများက ဝင်ငွေရရှိရန် ဦးစားပေးရာကြပြီး အမျိုးသမီးများက အိမ်မှုကိစ္စများကို ပိုမိုလုပ်ကိုင်ကြပါသည်။ စီမံခန့်ခွဲမှုကို အမျိုးသားများကို ရာနှုန်းပြည့် အခွင့်ပေးထားပြီး အချို့သောအရာများတွင် အမျိုးသမီးများ ကိုယ်တိုင်ပါဝင်၍ စီမံခန့်ခွဲမှုကို ပြုကြသည်။ ပိုင်ဆိုင်မှု နှင့် ဝင်ငွေရရှိမှုတွင်လည်း အမျိုးသားများက ပို၍ အားသာမှု ရှိပါသည်။ ဦးဆောင်မှုအပိုင်းတွင် အမျိုးသား၊ အမျိုးသမီး အတူတကွပါဝင်ဦးဆောင်ကြပြီး အမျိုးသားများက ပို၍ အနည်းငယ် ဦးစီးဦးဆောင်မှု ပြုကြပါသည်။

## (c) ရာသီခွင်ပြဇယား




ဝမ်ကန်ကျေးရွာတွင် ရာသီခွင်ပြဇယားအရ ရာသီဉတု အနေအထားမှာ ပုံမှန်ရှိပြီး ဖွန်လတွင် မိုးစတင်ရွာသွန်းပြီး ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလများတွင် ပိုမိုရွာသွန်းသည်။ အဓိကစိုက်ပျိုးရေးကို လုပ်ကိုင်ကြပြီး စပါး၊ နမ်း၊ ပဲပုတ်၊ ကြက်သွန်ဖြူ၊ ငရုတ်သီးတို့ကို စိုက်ပျိုးကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုများတွင် ဈေးဆိုင်များရှိပြီး ရောင်းဝယ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အဆင်မပြေသော အိမ်ထောင်စုများတွင် နေ့စားအလုပ်၊ ကြိုရာကျပန်းအလုပ်တို့ကို လုပ်ကိုင်ကြရသည်။ လုပ်ငန်းကို လုပ်ဆောင်ကြရာတွင် အမျိုးသား၊ အမျိုးသမီး လုပ်အားခတန်းတူ ရရှိကြသည်။ သို့သော် ပင်ပန်းမှုဒဏ်ကို အမျိုးသားများသာ ပိုမိုခံနိုင်ရည် ရှိကြပြီး လုပ်ကိုင်ကြသောကြောင့် ဝင်ငွေပိုမို ရရှိကြသည်။ မတ်၊ ဧပြီ၊ စက်တင်ဘာ၊ နိုဝင်ဘာလများတွင် ဝင်ငွေကောင်းမွန်ကြသည်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်၊ဖွန်၊ ဇူလိုင်၊ စက်တင်ဘာ၊ အောက်တိုဘာလ များတွင် ရွှေ့ပြောင်းတောင်ယာ လုပ်ငန်းခွင်အတွင်း သွားရောက်ညအိပ်၍ လုပ်ကိုင်ကြရသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး သွားလာရ အဆင်ပြေသည်။ မတ်၊ ဧပြီ၊ မေလများတွင် သောက်သုံးရေ ရှားပါးမှုရှိပြီး ကျန်လများတွင် ပေါများ ဖူလုံပါသည်။ အိမ်ထောင်စုအများစုမှာ ဧပြီလတွင် စားရေးဖူလုံမှု ခက်ခဲမှုရှိပြီး ကျန်သောလများတွင် သာမန်ဖူလုံမှု ရှိကြပါသည်။ ဇန်နဝါရီလတွင် ကရင်နှစ်သစ်ကူးပွဲတော်၊ ဖေဖော်ဝါရီလတွင် ထမနဲထိုးပြိုင်ပွဲ၊ ဧပြီလတွင် သင်္ကြန် ပွဲတော်များ ပြုလုပ်ကျင်းပလေ့ ရှိပါသည်။ ကျန်းမာရေး အခြေအနေ တွင်လည်း ဖွန်၊ ဇူလိုင်လတို့တွင် ဝမ်းပျက်ဝမ်းလျောများ အဖြစ်များ တတ်သည်။ ဩဂုတ်၊ စက်တင်ဘာများတွင်လည်း ငှက်ဖျားရောဂါအဖြစ် များကြသည်။

## (စ) အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်နှင့် ဗင်းကားချပ်





ဝမ်ကန် ကျေးရွာတွင် ဗင်းပုံစံချိတ်ဆက်မှုပြဇယားအရ အုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ Pact Myanmar ၊ ကျန်းမာရေး အဖွဲ့အစည်း၊ မိခင်ခေါင်းဆောင်၊ CHDN၊ CSO ၊ KNWO၊ KNGY၊ SCO၊ အမျိုးသမီး စွမ်းဆောင်ရည် မြင့်တင်ရေးအဖွဲ့၊ ကြက်ခြေနီအဖွဲ့၊ CDD (လူထုဗဟိုပြုစီမံကိန်း) နှင့် နတလတို့သည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်မှုပြုကြသည်။ CDD (လူထုဗဟိုပြုစီမံကိန်း) မှာ၂၀၁၇ခုနှစ် (ပထမစက်ဝန်း) တွင် စတင်၍ ကျေးရွာစီမံခန့်ခွဲမှုကော်တီများ ဖွဲ့စည်းကာလူထု ကိုယ်တိုင်ဦးဆောင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးများကို ဆောင်ရွက်ပါသည်။ ထိုသို့ ဖွံ့ဖြိုးရေးလုပ်ငန်းကို ဆောင်ရွက်မှုပြုရာတွင် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ နှင့် ဦးစွာ ချိတ်ဆက်မှုရှိကြပြီး လူထုနှင့် ပူးပေါင်းပါဝင် လုပ်ဆောင်ကြပါသည်။


## (ဆ) အခက်အခဲများနှင့်ပြဿနာများ



ဝမ်ကန်ကျေးရွာတွင် နွေရာသီတွင် ရေထွက်ပင်ရင်း နည်းပါးလာခြင်းကြောင့် သောက်သုံးရေ မလုံလောက်သော အခက်အခဲများ ရှိပါသည်။ ရေထွက်ပင်ရင်သည် လူသွားလမ်းနှင့် နီးသဖြင့် သန့်ရှင်းမှု နည်းပါခြင်း၊ ရေလှောင်ကန် ပျက်စီးယိုယွင်းမှုကြောင့် ရေစုရန် အခက်အခဲရှိပါသည်။ အလုပ်အကိုင် အခွင့်လမ်း ရှားပါးခြင်းကြောင့် ဝင်ငွေ ရရှိမှုနည်းပါးကြပြီး စားဝတ်နေရေး အခက်အခဲများလည်း ရှိကြပါသည်။ စာကြည့်တိုက် မရှိခြင်းကြောင့် ရှိသင့်ရှိထိုက်သော ဗဟုသုတများ မရှိခြင်း၊ သတင်းအချက်အလက်များအား မသိရခြင်းတို့ကြောင့် အသိပညာ ဗဟုသုတတို့ များစွာ အားနည်းမှု ရှိကြပါသည်။ ကျေးရွာတွင် အလယ်တန်းကျောင်းမရှိ၍ (၃)မိုင်ကွာဝေးသော မယ်စဲ့မြို့ရှိကျောင်းသို့ ကျောင်းသူ၊ ကျောင်းသားများ ခြေလျင်သွားရသော အခက်အခဲများ ရှိပါသည်။ အစည်းဝေးပြုလုပ်ရာတွင် ခန်းမဆောင် မရှိသည့်အတွက် အခက်အခဲရှိခြင်းနှင့် တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှုသင်တန်းများ နွေရာသီတွင် လာရောက်သင်ကြားရာတွင် နစ်စဉ်နေရာအခက်အခဲများ ရှိပါသည်။ ရေတိုက်စားခြင်းကြောင့် လယ်များပျက်စီးခြင်း လယ်သို့သွားသော ရေတလျောက်မကောင်းသောကြောင့် ရေရရှိမှုနည်းပါးကာ စိုက်ပျိုးရေးတွင် အခက်အခဲကြုံတွေ့နေရပါသည်။ ကျေးရွာတွင် စိုက်ပျိုးသီးနှံများ ဈေးကွက်မရှိသဖြင့် အရောင်းအဝယ် အဆင်မပြေခြင်း ၊ ဝင်ငွေကြပ်တည်းခြင်း အခက်အခဲများ ရှိခြင်းကြောင့် မိသားစုများ စားဝတ်နေရေး အခက်များ ကြုံတွေ့နေရပါသည်။ လုပ်သမှုအကျိုးအမြတ် နည်းပါးပြီး ပင်ပန်းကြရပါသည်။ မိသားစု စားဝတ်နေရေး အခက်ကြုံရ၍ အမျိုးသားများသည် စိတ်လေလွင့်ကြပြီး သောက်စားမူးယစ်ခြင်းကြောင့် မိသားစုပြသာနာများလည်း ကြုံတွေ့ရပါသည်။ ဝမ်ကန်ကျေးရွာတွင် ရာသီဥတု ဖောက်ပြန်သော ဒဏ်ကြောင့် လယ်ယာမြေများပျက်စီးမှု များလည်းရှိ၍ စိုက်ပျိုးရန် မြေအခက်အခဲများလည်း ရှိပါသည်။ ကလေးကစားကွင်း မရှိ၍ ကလေးများကစားရန်အတွက် အခက်အခဲရှိပါသည်။ မိသားစုအတွက် အသုံးစရိတ် ဝင်ငွေနည်းပါးသောကြောင့် အိမ်မှုကိစ္စများ ဦးဆောင်မှုပြုရာတွင် အတော်အတန် အခက်အခဲများစွာကို ကြုံတွေ့ရပါသည်။


## (၈) မျှော်မှန်းချက်





ဝမ်ကန်ကျေးရွာလူထုများသည် အဓိက ရွာတွင်းလမ်းဆက်သွယ်ရေး ကောင်းမွန်လာစေရန်အတွက် မျှော်မှန်းထားကြပါသည်။ ကျေးရွာတွင် အိမ်တိုင်းတနစ်ပတ်လုံး သောက်သုံးရေ လုံလောက်စွာရရှိလာစေရန် စီမံကိန်းအပေါ် မျှော်လင့်ထားပါသည်။ လူငယ်များနှင့် ကလေးသူငယ်များ ဗဟုသုတ တိုးတတ်လာစေရန် အရည်သွေးပြည့်မှီသော စာကြည့်တိုက်လည်း ရှိစေချင်ကြပါသည်။ အိမ်တိုင်း လျှပ်စစ်မီးရရှိရန် နှင့် ကလေးများ အန္တရာယ်ကင်းရှင်းစွာ ကစားနိုင်ရေးအတွက် ကောင်းမွန်သော ကလေးကစားကွင်းကိုလည်း မျှော်လင့်ထားကြပါသည်။ အစည်းဝေးများ၊ သင်တန်းများပြုလုပ်ရာတွင် အဆင်ပြေစေရန် ခန်းမဆောင်ကိုလည်း ရှိစေချင်ပါသည်။ အမျိုးသမီးများသည် ကျေးရွာတွင် အလုပ်အကိုင် အခွင့်လမ်းများ ရရှိလာစေပြီး အမျိုးသားများနှင့် တန်းတူ လုပ်အားခ ရရှိစေချင်ကြသည်။ ကျေးရွာထွက်စိုက်ပျိုးသီနှံများ ရောင်းချရာတွင် ဈေးကွက်များကိုလည်း လိုလားကြပါသည်။ ဤအဖွဲ့အစည်းသာမက ကျေးရွာအတွက် ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးမည့် ကျန်အဖွဲ့များစွာကိုလည်း မျှော်လင့်ကြပါသည်။ လူထုဗဟိုပြုစီမံကိန်း (၄)နှစ်အပြီးတွင်လည်း ကျေးရွာ အမှန်တကယ် ဖွံ့ဖြိုးမှုရှိလာစေရန် ပို၍ မျှော်လင့်ထားပါသည်။

## (ဈ) ဦးစားပေးလုပ်ငန်းများရွေးချယ်ဆုံးဖြတ်ခြင်း



ဝမ်ကန်ကျေးရွာ၌ ဦးစားပေးလုပ်ငန်းများကို မဲပေးစနစ်ဖြစ် ရွေးချယ်ပါသည်။ မဲပေးစနစ်ဖြင့် ရွေးချယ်ရာတွင် အမျိုးသမီးများ ဆွေးနွေးသော လုပ်ငန်း (၆) ခုပါဝင်ပြီး အမျိုးသားများရွေးချယ်သော လုပ်ငန်း (၈) ခု ပါဝင်ပါသည်။ မဲရလာဒ်ဖြင့် ထွက်ရှိလာသော ဦးစားပေးလုပ်ငန်းများသည် ကျေးရွာအတွက် အမှန်တကယ် လိုအပ်သောလုပ်ငန်းများလည်း ဖြစ်ပါသည်။ ထိုဦးစားပေး လုပ်ငန်းများအတိုင်း လုပ်ငန်းများအကောင်အထည်ဖော်ရန် အားလုံး သဘောတူ ကြပါသည်။

## ၇။ ကော်မတီဝင်များ ရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



### ကော်မတီများစာရင်း

| စဉ် | အမည် | ရာထူး(ကျေးရွာအဆင့်) | ရာထူး(အုပ်စုအဆင့်) |
|---|---|---|---|
| ၁ | ဦးသာဟန် | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | အုပ်စုစီထောက် ကော်မတီအဖွဲ့ဝင် |
| ၂ | ဒေါ်ဆွေဇင်ဦး | ကျေးရွာစီထောက်ကော်မတီ- ဥက္ကဌ | ဘဏ္ဍာရေးဆပ်ကော်မတီအဖွဲ့ဝင် |
| ၃ | ဒေါ်မားဂရတ် | ငွေစာရင်းကိုင် | |
| ၄ | ဦးထူးစော | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၅ | ဒေါ်ထွေးငယ် | ဝယ်ယူရေးဆပ်ကော်မတီ | |
| ၆ | ဦးအောင်သူမြင့် | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၇ | ဒေါ်ဘယ်နယ်ဒဲသာ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ | |
| ၈ | ဦးသက်အေး | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၉ | ဒေါ်ခင်ယုံ | လည်ပတ်ထိန်းသိမ်းရေးဆပ်ကော်မတီ | |
| ၁၀ | ဦးတင်စိန် | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၁ | ဒေါ်ကာမေးလာ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးကော်မတီ | |
| ၁၂ | ဦးဖိုးထော | စေတနာ့ဝန်ထမ်း | |
| ၁၃ | ဒေါ်ခင်လှ | စေတနာ့ဝန်ထမ်း | |

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁)

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဦး | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | | လူထုစည်းရုံးရေးမှူး၏ အမည် နန်းဆိမ်းဝေ |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး ကယား | မြို့နယ် မယ်စဲ့ | ကျေးရွာအုပ်စု မယ်စဲ့ | ကျေးရွာ ဝင်ကန် |

#### က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စု အရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စု အရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --ရှမ်း-- | ၅၀ | ဘာသာ (၁) --ဗုဒ္ဓ-- | ၅၂ |
| လူမျိုးစု (၂) --ကရင်-- | ၂၉ | ဘာသာ (၂) --ခရစ်ယာန်-- | ၂၉ |
| လူမျိုးစု (၃) ------ | | ဘာသာ (၃) --[illegible]-- | ၁ |
| လူမျိုးစုရော --ရှမ်း+[illegible]/ရှမ်း+ကယန်း-- | ၂ | ဘာသာရော --၁-- | ၂ |
| အခြား ဗမာ | ၁ | | |
| | အရေအတွက် | | ၈၂ |
| မသန်စွမ်းသူများ | ၃ | ဗ - ၁<br>က - ၂ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၀ | ဗုဒ္ဓ - ၅ . [illegible] - ၁<br>ခရစ်ယာန် - ၄ | ၈ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၂၀၄ | ၁၉၂ | = ၃၉၆ |
| လူမျိုးစု (၁)--ရှမ်း--- | ၁၀၂ | ၁၀၁ | |
| လူမျိုးစု (၂)--ကရင်- | ၈၀ | ၇၉ | |
| လူမျိုးစု (၃)--ရှမ်း+[illegible]/ရှမ်း+ကယန်း | ၅ | ၃ | |
| အခြား ဗမာ | ၇ | ၄ | |
| အိမ်ထောင်ဦးစီး | ၆၉ | ၁၃ | = ၈၂ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☑ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☑ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၄င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　(ကတ္တရာလမ်း)　ကွန်ကရစ်လမ်း
မော်တော်ဆိုင်ကယ်လမ်း
ကျောက်ခင်းလမ်း　မြေသားလမ်း　လူသွားလမ်း　အခြား

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မှီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　ဝိုင်းပါ ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၅--- /မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်-----------------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---------[illegible] မိနစ်--------
ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ----[illegible] ရောင်--------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --[illegible] ရောင်--------------
(၂) ---------------------------------


**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးကျော် | |
| | လက်မှတ် [signature] | နေ့စွဲ 19.10.17 |
| လူထုစည်းရုံးရေးမှူး | အမည် နန်းဆန်းထွေး | |
| | လက်မှတ် [signature] | နေ့စွဲ 19.10.17 |

# ၉။ စီမံကိန်းစက်ဝန်း အချိန်ဇယား (ပုံစံ-၂)



ပုံစံ - ၀ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

စည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်း အဲး ထွေး

နေ့စွဲ ၁၉.၁၀.၂၀၁၇ | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄)

ပြည်နယ်/တိုင်း ကယား | မြို့နယ် ဖယ်ဆဲ | ကျေးရွာအုပ်စု ဖယ်ဆဲ | ကျေးရွာ ထန်ကန်

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၁၈.၁၀.၂၀၁၇ | ၁၈.၁၀.၁၇ | ၂၅ | ၂၅ | ၅၀ | ၂၉ ရှမ်း<br>၁၅ ကရင်<br>၆ အခြား |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၉.၁၀.၁၇ | ၁၉.၁၀.၁၇ | ၂၅ | ၂၅ | ၅၀ | ၂၉ ရှမ်း<br>၁၅ ကရင်<br>၆ အခြား |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၁၀.၁၇ | ၂၀.၁၀.၁၇ | ၇ | ၈ | ၁၅ | ၇ ကယန်း<br>၃ ရှမ်း<br>၂ ကရင်<br>၁ ဖရော<br>၁ ဗမာ<br>၁ ကယော |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၀.၁[illegible].၁၇ | ၂၀.၁၀.၁၇ | မလို | မလို | မလို | မလို |
| [illegible] စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည် ဖော်ရေး | | | | | | |

| | | | | | | |
|---|---|---|---|---|---|---|
| ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ကျား ၄ / မ ၃ / အခြား ၃ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ၅ ၅ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ၅ \| ၅ |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ၅ \| ၅ |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ၅ \| ၅ |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၆.၁.၁၈ | ၆.၁.၁၈ | ၅ | ၅ | ၂၀ | ၈ \| ၅ |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | \| |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | \| |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | \| |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | \| |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | \| |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် နန်းခမ်းထွေး ၊ ဒေါ်သဲဖြူဝင်း | | | |
| နေ့စွဲ ၁၆ . ၁၀ . ၁၇ | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကယား | မြို့နယ် မယ်စဲ့ | ကျေးရွာအုပ်စု မယ်စဲ့ | ကျေးရွာ ဝမ်ကန် |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | သောက်သုံးရေနှင့် လယ်သွင်းရေ မလုံလောက်ခြင်း | ၁ | သောက်သုံးရေ မလုံလောက်ခြင်း |
| ၂ | ကျေးရွာစာကြည့်တိုက်မရှိခြင်း | ၂ | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း |
| ၃ | အစည်းအဝေး ဆောင်ရွက်ရန်ခန်းမဆောင်မရှိခြင်း | ၃ | မူကြိုကျောင်းခြံစည်းရိုး မရှိခြင်း |
| ၄ | သဘာဝဘေးအန္တရာယ်ကြောင့် ချောင်းရေတိုက်စားကာ လယ်ယာများ ပျက်စီးခြင်း | ၄ | စိုက်ပျိုးရေး အသိပညာနည်းပါးခြင်း |
| ၅ | ရွာပတ်လမ်း မကောင်းခြင်း | ၅ | ကျေးရွာတွင်းလမ်း၊ ကြားလမ်းများမကောင်းခြင်း |
| ၆ | [illegible] | ၆ | ကျေးရွာဘောလုံးကွင်း မရှိခြင်း |
| ၇ | | ၇ | အစည်းအဝေးပြုလုပ်ရန်ခန်းမဆောင် မရှိခြင်း |
| ၈ | | ၈ | ဓါတ်မီးတိုင် လုံလောက်မှု မရှိခြင်း |
| ၉ | | ၉ | [illegible] |
| ၁၀ | | ၁၀ | |
| ၁၁ | | ၁၁ | |
| ၁၂ | | ၁၂ | |
| ၁၃ | | ၁၃ | |

၁။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | သောက်သုံးရေလုံလောက်စွာရရှိရန် | ၁ | သောက်သုံးရေလုံလောက်စွာရရှိရန် |
| ၂ | ကျေးရွာစာကြည့်တိုက်ရရှိရန် | ၂ | မူကြိုကျောင်း၊ ခြံစည်းရိုး ရရှိရန် |
| ၃ | ကျေးရွာဘောလုံးကွင်းရရှိရန် | ၃ | ကျေးရွာတွင်းလမ်းများ ပြုပြင်ရန် |
| ၄ | ခန်းမဆောင်ရရှိရန် | ၄ | စိုက်ပျိုးရေး၊ မွေးမြူရေး သင်တန်းရရှိရန် |
| ၅ | ကျေးရွာဈေးတန်းတည်ဆောက်ရန် | ၅ | ခန်းမဆောင်ရရှိရန် |
| ၆ | လူမှုရေးကူညီမှုပေးဘဏ်ရရှိရန် | ၆ | လျှပ်စစ်မီးတိုင်လုံလောက်စွာရရှိရန် |
| ၇ | ရွာပတ်လမ်း ပြုပြင်ရန် | ၇ | ဘောလုံးကွင်းရရှိရန် |
| ၈ | လယ်ထဲသို့သွားသောချောင်းကူးတံတားများ ပြုပြင်ဖို့ရန် | ၈ | မူကြိုဆရာမ လစာထောက်ပံ့ကြေး ရရှိရန် |

၈။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | ခန်းမဆောင် | အမျိုးသား+အမျိုးသမီး | ၁၆၉၂၅၀၀၀ | ၃၉၆ |
| ၂ | ရွာပတ်လမ်း | " " | | ၃၉၆ |
| ၃ | စာကြည့်တိုက် | အမျိုးသား | | ၃၉၆ |
| ၄ | လယ်ထဲသို့သွားသောချောင်းကူးတံတား၊ ပြုပြင်ခြင်း | အမျိုးသား | | ၃၉၆ |
| ၅ | ရေပိုက်လိုင်း | အမျိုးသား + အမျိုးသမီး | | ၃၉၆ |
| ၆ | လျှပ်စစ်ဓာတ်တိုင်တောက်ပခြင်း | အမျိုးသမီး | | ၃၉၆ |
| ၇ | လယ်ရေမြောင်း ပြုပြင်ဖော်ဆောင်ခြင်း | အမျိုးသား | | ၃၉၆ |
| ၈ | | | | |
| ၉ | | | | |
| ၁၀ | | | | |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | ဘုန်းကြီးကျောင်းခြံစည်းရိုးပြုပြင်ခြင်း | အမျိုးသား | ဘာသာရေး |
| ၂ | ကတ်သလစ်ဘုရားကျောင်းခြံစည်းရိုးပြုပြင်ခြင်း | အမျိုးသား | ဘာသာရေး |
| ၃ | မူကြိုဆရာမလစာထောက်ပံ့ပေးခြင်း | အမျိုးသမီး | ပညာရေး |
| ၄ | စိုက်ပျိုးရေး၊မွေးမြူရေးသင်တန်းပို့ပေးခြင်း | အမျိုးသမီး | စိုက်ပျိုးရေး၊မွေးမြူရေး၊ |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---ဦးသာဟန်--- လက်မှတ် ---[illegible]--- နေ့စွဲ ---20.10.2017---

## ၁၁။ ကျေးရွာအုပ်စုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (ပုံစံ-၄)

### ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

**လမ်းညွှန်ချက်။** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် | နန်းဆိုင်းတွေ ၊ ဒေါ်ဘဲဖြူခင် | | |
| နေ့စွဲ | ၂၀.၁၀.၁၇ | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) □စက်ဝန်း(၁) ☑စက်ဝန်း(၂) □စက်ဝန်း(၃) □စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း | ကယား | မြို့နယ် ဖရူဆို | ကျေးရွာအုပ်စု ဖရူဆို |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်းတိုက်ရိုက် အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | |
|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ / အမည်/အဖွဲ့ | စုစုပေါင်း |
| ဟိုဝဲ | ခန်းမဆောင် | 60'x20'x12' | ၁၄၆၈ | □ ကျား ☑ မ □ ကျား+ မ | 22700000 | | - | 22700000 |
| ယှင်တိန်း | ဝံတားယဉ် (၅) ခင်း | (3'x3'x20')x4 (3'x3'x15') | ၁၁၉၈ | □ ကျား □ မ ☑ ကျား+ မ | 11224000 | | - | 11224000 |
| ထိတာန် | ခန်းမဆောင် | 40'x30'x12' | ၃၉၆ | □ ကျား □ မ ☑ ကျား+ မ | 16925000 | | - | 16925000 |
| | | | | □ ကျား □ မ □ ကျား+ မ | | | - | |
| | | | | □ ကျား □ မ □ ကျား+ မ | | | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် ဦးဝေလာရင်း လက်မှတ် [signature] ရက်စွဲ ၂၀.၁၀.၁၇

## ၁၂။ အစည်းအဝေးမှတ်တမ်းများ (ပုံစံ-၁၂)

### အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြု စီမံကိန်း

| | |
|---|---|
| ခေါင်းစဉ် | ကျေးရွာပထမအကြိမ်အစည်းအဝေး |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ဝယ်ကန်ကျေးရွာ၊ မယ်စဲ့အုပ်စု၊ မယ်စဲ့မြို့နယ် |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | 19.10.2017 ၊ နံနက် 9:00 နာရီ၊ ဝယ်ကန်ဘုန်းကြီးကျောင်း |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် |
| စုစုပေါင်းကုန်ကျငွေ | |
| ဦးဆောင်သူ | ဒေါ်နန်းဆယ်ဖွေး [illegible] ရာထူး၊ CF ၊ CF/TF/Committee |

*တက်ရောက်သူဦးရေ (Participants)*

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၂ | ၂၉ | ၅၁ | ရှမ်း - ၃၁ |
| ၂ | | | | ကရင် - ၁၇ |
| | | | | အခြား - ၃ |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ လူထုဗဟိုပြုစီမံကိန်း၏ မဏ္ဍိုင်အခြေခံသဘောတရားများအား နားလည်လာစေရန်

၂။ စီမံကိန်း၏ စက်ဝန်း၊ ကျား/မ ရေးရာနှင့် လူမှုပူးပေါင်းပါဝင်မှုတို့ကို ရင်းနှီးမှုရှိစေရန်

၃။ စီမံကိန်းတွင်ပါဝင်ဆောင်ရွက်သူများ၏ တာဝန်ဝတ္တရားများကို သိရှိစေရန်

၄။ လူထုပူးပေါင်းပါဝင်သော လူမှုသန့်စစ်ချက်များဆောင်ရွက်၍ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များအား အကောင်အထည်ဖော်ရန်

အစည်းအဝေး အစီအစဉ် (Agenda)

၁။ စီမံကိန်းဝန်ထမ်းများ၊ တစ်ဦးချင်း မိတ်ဆက်ခြင်း၊

၂။ စီမံကိန်းမိတ်ဆက်

၃။ စီမံကိန်း လက်စွဲ အကြောင်း ဆွေးနွေးခြင်း

၄။ စေတနာ့ဝန်ထမ်း နှင့် ကော်မတီများ ပြန်လည်ဖွဲ့စည်း၍ ရွေးချယ် အတည်ပြုခြင်း၊

၅။ လူထုပူးပေါင်း ပါဝင်သော လူမှုဆန်းစစ်ခြင်း

က။ လူမှုရေး အရင်းအမြစ်ပြမြေပုံ

ခ။ ဥစ္စာဓနကြွယ်ဝမှု ဆန်းစစ်ခြင်း၊

ဂ။ ပိုင်ဆိုင်မှု သုံးသပ်ခြင်း

ဃ။ ဗင်းပုံ

င။ ပင့်ကူအိမ်ပုံ သုံးသပ်ခြင်း၊

စ။ ရာသီစဉ်ပြ ပြက္ခဒိန်

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | စိုက်ကွင်း ဝန်ထမ်းများမှ မိမိတာဝန်နှင့် နာမည်များကို မိတ်ဆက်သည်။ | |
| ၂။ | လူထုစည်းရုံးရေးမှူး ဒေါ်နန်းသမီးဝေ မှ လူထုမဟုတ်ပြု စိုက်ကွင်း အကြောင်း၊ ထောက်ပံ့ရန်ပုံငွေ၊ စိုက်ကွင်း ဖြို့ချယ်မှုများအကြောင်း နှင့် စိုက်ကွင်းမှ ဆောင်ရွက်သည့် အသည်းအသေးများကို တက်ညီပြသညီ နှင့် ရာခိုင်နှုန်း ပြည့်ဝစွာတက်ရောက်ပေးရန်၊ လူထုပါဝင်ပါသော စိုက်ကွင်းလုပ်ငန်းဖြစ်ကြောင်း ပြောကြားသည် | |
| ၃။ | လူထုစည်းရုံးရေးမှူး ဒေါ်နန်းသမီးဝေ မှ စိုက်ကွင်းဆက်ဝန်၊ ဦး အသင့်သင့် လိုက်ဆောင်ရွက်ပုံ (၁၄) ဆင့်၊ အဖိုင်း လိုက်ဆောင်ရွက်ပုံ (၆) ပိုင်းရှိကြောင်း စိုက်ကွင်းသက်တမ်း (၄) နှစ်ရှိကြောင်း ဆက်ဝန်းအနေဖြင့် (၄) ဆက်ဝန်းဆောင်ရွက်ကာ ပဒ္ဓနှစ်သည် ဒုတိယဆက်ဝန်းရောက်ရှိနေကြောင်းများကို ရှင်းလင်းဆွေးနွေးသည်။ | |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၄။ | စေတနာ့ဝန်ထမ်း ၃ခု ကော်မတီများ ကို ပြန်လည်ရွေးချယ်ရန် လူထုစည်း ရုံးမှူး ဒေါ်နန်းအမ်ငွေ မှ ဦးအောင် (ကထိန်) ဆွေးနွေးရာ ၂ ဦး သည် ပြောင်းလဲ ရွေး ကျန် ၂ ဦး မှာ တာဝန် ချိန်း မည့် သားဖြင့် အပ်ချွေးချယ်ကြသည်။ ပြောင်းလဲသူ ၄ ဦး မှာ လည်ပတ်ထိန်းသိမ်းရေး ဒေါ်ခင်ဟု နှင့် ငွေစာရင်းကိုင် ဒေါ်အေးဂရတ် ဖြစ် ပြီး ဦးသာဟန် (စီမံကိန်းဥက္ကဋ္ဌ) နှင့် စောင့်ကြည့်ကြီးကြပ် ဦးအောင်သူမြင့် တို့ ဖြစ်ကြသည်။ | စေတနာ့ဝန်ထမ်း - ဦးဖိုးစော<br>ဒေါ်ခင်ပြုံ<br>စီမံကိန်းဥက္ကဋ္ဌ - ဦးသာဟန်<br>- ဒေါ်ရွှေဇင်ဦး<br>စောင့်ကြည့်ကြီးကြပ် - ဦးအောင်သူမြင့်<br>- ဒေါ်ဘယ်နှင်းဝါ<br>လည်ပတ်ထိန်းသိမ်း - ဦးသက်အေး<br>ဒေါ်ခင်ဟု<br>ဝယ်ယူရေး - ဦးထူးစော<br>ဒေါ်ဝေဆွေးငယ်<br>အကြံပြုကိုယ်စားလှယ် - ဦးတင်စိန်<br>ဒေါ်ကာဖေးလာ<br>ငွေစာရင်းကိုင် - ဒေါ်အေးဂရတ် |
| ၅ | လူထုပူးပေါင်းပါဝင်သောလူမှုဆန်း စစ်ခြင်း<br>အဖွဲ့ (၃) ဖွဲ့ ခွဲကာ<br>လူထုစည်းရုံးရေးမှူး ဒေါ်နန်းအမ်ငွေ မှ လူမှုရေး နှင့် အရင်းအမြစ်ပြမြေ ပုံ နှင့် ဥတုရာသီပြက္ခဒိန် မှ ဇယား: | |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | သန့်စင်ခြင်းများကို ဦးဆောင်ဆွေးနွေးသည်<br><br>လက်ဆေးနည်း ပညာများ ဖော်ပြခြင်း ဝင်းမှ ပိုးဆိုးများ သုံးသပ်ခြင်း နှင့် ဖော်ပြ ပုံစံ သုံးသပ်ခြင်း များကို ဦးဆောင်ဆွေးနွေးပါသည်။<br><br>လူထုစည်းရုံးရေးမှူး ဦးဘောဂျဲ့ နိုင်မှ ရာသီဥတုပြ ပြဿနာ နှင့် ပင့်ကူအိပ် သုံးသပ်ခြင်းကို ဦးဆောင်ဆွေးနွေးပြီး လူထုစည်းရုံးရေးမှူးမှ ပင့်ကူအိပ် သုံးသပ်ခြင်း ကိုးကားချက်များ သဘောတူညီချက် နှင့် ဆွေးနွေးရာတွင် ပါဝင် ကူညီပါသည်။ | |

①

## အစည်းအဝေးမှတ်တမ်း

လူထုဗဟိုပြု စီမံကိန်း

| | | | |
|---|---|---|---|
| ခေါင်းစဉ် | ဒုတိယအကြိမ်ကျေးရွာအစည်းအဝေး | | |
| ကျေးရွာ/အုပ်စု၊ မြို့နယ် | ဝယ်ကန် ၊ မယ်စဲ့ အုပ်စု ၊ မယ်စဲ့ မြို့နယ် | | |
| အစည်းအဝေးကျင်းပသည့် ရက်စွဲ၊ အချိန်၊ နေရာ | ၂၀.၁၀.၂၀၁၇ ၊ နံနက် ၉:၀၀ နာရီ ၊ ဝယ်ကန် ကျေးရွာ ဘုန်းကြီးကျောင်း | | |
| စီမံကိန်းအမည်၊ မြို့နယ် | လူထုဗဟိုပြုစီမံကိန်း၊ ဖားဆောင်း၊ ဘောလခဲ၊ မယ်စဲ့မြို့နယ်၊ ကယားပြည်နယ် | | |
| စုစုပေါင်းကုန်ကျငွေ | | | |
| ဦးဆောင်သူ | ဒေါ်ခုန်း[illegible] | ရာထူး | ~~CF~~/TF/Committee |

*တက်ရောက်သူဦးရေ (Participants)*

| စဉ် | ကျား | မ | စုစုပေါင်း | လူမျိုး |
|---|---|---|---|---|
| ၁ | ၂၂ | ၂၉ | ၅၁ | ရှမ်း - ၃၁ |
| ၂ | | | | ကရင် - ၁၇ |
| | | | | အခြား - ၃ |
| | | | | |

ရည်ရွယ်ချက် (Purpose)

၁။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကြောင်းပြန်ပြင်ဆင်ခြင်း

၂။ ကျေးရွာ ကိုယ်စားလှယ်များ နှင့် ကော်မတီအဖွဲ့ဝင်များ ရွေးချယ်ခြင်း

၃။ ကျေးရွာ [illegible] ၊ မျှော်မှန်းချက် နှင့် လုပ်ငန်းစဉ်များ ဖော်ထုတ်ခြင်း

(၉)

| အစည်းအဝေး အစီအစဉ် (Agenda) |
| --- |
| ၁။ လူမှုဆန်းစစ်ခြင်းများအား ကနဦးတင်ပြ တည်း ပြန်လည်တင်ပြခြင်း |
| ၂။ အခက်အခဲ / ပြဿနာများ ဖော်ထုတ်ခြင်း |
| မျှော်မှန်းချက် ဖော်ထုတ်ခြင်း |
| ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဖော်ထုတ်ခြင်း |
| ၃။ ဦးစားပေး လုပ်ငန်း သတ်မှတ်ခြင်း |
| ၄။ အကျိုးဝင် / အကျိုးမဝင် စံနှုန်းများ |
| ၅။ အကာအကွယ်များ |
| ၆။ ကျေးလက်ဆောင်ရွက်ရမည့် လုပ်ငန်း နှင့် TPIC အကြောင်း ဆွေးနွေးခြင်း |

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၁။ | လူမှုဆန်းစစ်ခြင်း များ ကို လူထုစည်းရုံးရေးမှူး၊ ဒေါ်နန်းဆိုင်းဝေ မှ တစ်ခုတည်းတည်း ပြန်လည်ဆွေးနွေးပါသည်။ ကျေးရွာ အတွင်းရှိ အခြေခံအဆောက်အအုံ များ၊ အရင်းအမြစ်ရရှိမှု၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေး ဆောင်ရွက်နေသော အဖွဲ့ အသင်းအဖွဲ့ အခြေအနေများ၊ စသည့် ကျေးရွာ အခြေအနေများကို flip chat နှင့်တကွ ရှင်းလင်းဆွေးနွေးပါသည်။ | |
| ၂။ | အမျိုးသား၊ အမျိုးသမီး သီးခြားစီ ၂ ဖွဲ့ခွဲ၍ အခက်အခဲ၊ ပြဿနာ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ကြသည်။<br>အမျိုးသား အဖွဲ့ ကို ဒေါ်နန်းဆိုင်းဝေ မှ စကားစုစီ၍ အခက်အခဲ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ထုတ်ပါသည်။ | |

(4)

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| | အမျိုးသမီး အဖွဲ့ ကို ဒေါ်သဲဖြူဝင်း မှ ဦးစီး၍ အသက်အခွဲ ၊ မျှော်မှန်းချက် နှင့် ဖွံ့ဖြိုးရေး လုပ်ငန်း များ ဖော်ထုတ် ကြသည်။ | |
| | အမျိုးသား နှင့် အမျိုးသမီး ဖော်ထုတ် ထား သည့် လုပ်ငန်းများ ကို တစ်စုတည်း စုစည်း ပေါင်း၍ ဦးစားပေး အစီ အစဉ်များ သတ်မှတ်ကြရာ၊ ဦးစားပေး နှိုင်းယှဉ်မှု ဇယား ဖြင့် ရွေးချယ်ကြ သည်။ | ဦးစားပေး အဆင့် များ မှာ -<br>၁။ ခန်းမဆောင် ဆောက်လုပ်ခြင်း<br>၂။ ရွာပတ်လမ်း<br>၃။ စာကြည့်တိုက်<br>၄။ လယ်သို့သွားသော ချောင်းကူးတံတား ဆောက်လုပ်ခြင်း<br>၅။ ရေပိုက်လိုင်း |

(5)

ဆွေးနွေးချက်နှင့်ဆုံးဖြတ်ချက်များ (Discussion and Decision)

| # | ဆွေးနွေးချက်များ | ဆုံးဖြတ်ချက်များ |
|---|---|---|
| ၄။ | အကျိုးဝင် / မဝင် စံနှုန်းများကို ဒေါ်သဲဖြူဝင်းမှ ရှင်းလင်းဆွေးနွေးရာ - အကျိုးမဝင် စီမံကိန်းလုပ်ငန်းများကို ဦးစားပေးဆွေးနွေးပါသည်။ မြို့နယ်စီမံကိန်းရေးဆွဲရေး (TPIC) မှ ခွင့်မပြုသော လုပ်ငန်းများ၊ (ဝိုင်းရှင်းများ) လူနေနေရာများကို ချန်လှပ်ထားသော လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဆိုးကျိုးများ ဖြစ်ပေါ်စေနိုင်သော လုပ်ငန်းများကို သည် အကျိုးမဝင်ကြောင်း စသည်ဖြင့် ဆွေးနွေးပါသည်။ | |
| ၅။ | ၎င်းနောက် ဒေါ်သဲဖြူဝင်းမှ အကာအကွယ်များ အကြောင်းကို ရှင်းလင်းဆွေးနွေးရာ ပတ်ဝန်းကျင် အကာအကွယ်နှင့် လူမှုရေးအကာအကွယ်များ ရှိကြောင်း နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အကာအကွယ်များ ဆောင်ရွက်ရမည့် အခြေအနေများကို ဆွေးနွေးပါသည်။ | |

# ၁၃။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ      ဇော်ကန်ကျေးရွာ

| | စဉ် | လုပ်ငန်း | အဆိုပြုသူ | လ/နှစ် | လုပ်ဆောင်မည့်သူ | ပြင်ပမှ ထောက်ပံ့ပေးသူ |
|---|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ နှင့် လမ်း/တံတား | ၁ | ခန်းမဆောက် | က+မ | | | |
| | ၂ | ရွာသွားလမ်း | က+မ | | | |
| | ၃ | ဓာတ်ကြိုးသွယ်တန်း | က | | | |
| | ၄ | ချောင်းကူးတံတား | က | | | |
| | ၅ | [illegible] | က+မ | | | |
| | ၆ | | | | | |
| အသက်မွေးဝမ်းကျောင်းနှင့် စီးပွားရေး | ၁ | စိုက်ပျိုးရေး၊ မွေးမြူရေး သင် | မ | | | |
| | ၂ | တန်းပေး ပိုး ပေးခြင်း | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ကျန်းမာရေးနှင့် ရေ | ၁ | ရေပိုက်လိုင်း | က+မ | | | |
| | ၂ | [illegible]ပြုပြင်ခြင်း | က | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| ပညာရေး | ၁ | မူကြိုဆရာမလစာထောက်ပံ့ခြင်း | မ | | | |
| | ၂ | | | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |
| အခြား | ၁ | ဘုန်းကြီးကျောင်းမြေညှိရန် | က | | | |
| | ၂ | ကလေးကစားကွင်း[illegible] | က | | | |
| | ၃ | | | | | |
| | ၄ | | | | | |
| | ၅ | | | | | |
| | ၆ | | | | | |